# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများကို
# ပြင်ဆင်သည့်နည်းဥပဒေများ

# မန္တလေးတိုင်းဒေသကြီးအစိုးရ
# စည်ပင်သာယာရေးဝန်ကြီးဌာန
# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ
## ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၃၅၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်း ဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက် ခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ များတွင် -

(က) နည်းဥပဒေ ၂ (ဠ) ပါ "အသက် (၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသားတစ်ဦးဦးကို ဆိုသည်။" ဆိုသည့်စကားရပ်အစား "အသက် (၁၈)နှစ် ပြည့်ပြီးသော နိုင်ငံသားအိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးကိုဆိုသည်။"ဆိုသည့်စကားရပ်ကို အစားထိုးရမည်။

(ခ) နည်းဥပဒေ ၂ (ဌ) ပါ "အိမ်ထောင်စုစာရင်းတစ်ခုလျှင် တစ်ဦးနှုန်းဖြင့်" ဆိုသည့် စကားရပ်အစား "အိမ်ထောင်စုစာရင်းတစ်ခုလျှင် အိမ်ထောင်စုကိုယ်စားလှယ် တစ်ဦး နှုန်းဖြင့်" ဆိုသည့်စကားရပ်ကို အစားထိုးရမည်။

(ဂ) နည်းဥပဒေ ၄ (ဃ) ပါ "ရွေးကောက်တင်မြှောက်ခံရသူ ကော်မတီဝင်လောင်း" ဆိုသည့်စကားရပ်အစား "မဲအများဆုံးရရှိသည့် ရွေးကောက်တင်မြှောက်ခံရသူ ကော်မတီဝင်လောင်း" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

(ဃ) နည်းဥပဒေ ၁၀ (က) ပါ "အိမ်ထောင်စုဝင်တစ်ဦးဦး၏ အမည်"ဆိုသည့် စကားရပ် အစား "အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦး၏အမည်" ဆိုသည့်စကားရပ်ကို အစား ထိုးရမည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက် ခြင်းဆိုင်ရာ နည်းဥပဒေ ၁၇(ဃ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၁၇ (ဃ) ဥပဒေနှင့်နည်းဥပဒေများအရ သတ်မှတ်မဲဆန္ဒနယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအရည်အချင်းနှင့် ပြည့်စုံသူကိုသာလျှင် ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်”

၄။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၄ (င)၏အောက်တွင် ၃၄ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၃၄ (စ) သက်ဆိုင်ရာကော်မတီဝင်လောင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်နှင့် မဲရုံကိုယ်စားလှယ်”

၅။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၄၉ ကော်မရှင်သည် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အသုံးပြုရန်လိုအပ်သောရုံးတံဆိပ်များနှင့် အသုံးပြုရမည့်ပုံစံများကို သတ်မှတ်နိုင်သည်”

၆။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၁ ကို ပယ်ဖျက်ရမည်။

၇။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၄ ၏အောက်တွင် နည်းဥပဒေ ၅၅ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“၅၅ တရားဝင်အပ်နှင်းထားသော လုပ်ကိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ယင်းတို့၏အဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမခံထိုက်စေရ။”

၈။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၅ ကို နည်းဥပဒေ ၅၆ အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ပုံ) ဒေါက်တာရဲလွင်
ဝန်ကြီး
စည်ပင်သာယာရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့